ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်

# နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်အရေးပါသောခရီးသွားလုပ်ငန်းနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း (Ecotourism)

**အကျဉ်းချုပ်**

ကမ္ဘာလုံးဆိုင်ရာခရီးသွားလုပ်ငန်း အဖွဲ့ကကောက်ယူခဲ့သောစစ်တမ်းများအရ ၂၀၁၃ ခုနှစ်အတွင်းတွင် ကမ္ဘာလှည့်ခရီးသွားဦးရေ သန်း ၁၀၈၇ ရှိခဲ့ပြီး ၂၀၃၀ ခုပြည့်နှစ်တွင် ခရီးသွားဦးရေ သန်း ၁၈၀၀ အထိ တိုးတက်လာမည်ဟု ခန့်မှန်းထားပါသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ရရှိသော ဝင်ငွေ ပမာဏမှာ အမေရိကန်ဒေါ်လာ ၇ ထရီလီယံ ရရှိခဲ့ပြီး လုပ်သားအင်အား ၂၂၆ သန်း အလုပ်အကိုင် ရရှိခဲ့ကြောင်း၊ တစ်ကမ္ဘာလုံး GDP ၏ ၉.၅ ရာခိုင်နှုန်းပါဝင်ခဲ့သည့်အပြင် ဝန်ဆောင်မှုကဏ္ဍ ပြည်ပပို့ကုန်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းရှိနေသောကြောင့် ကမ္ဘာ့ခရီးသွား လုပ်ငန်းမှာ စီးပွားရေးကဏ္ဍ၌ အကြီးမားဆုံးနှင့်အရှိန်အဟုန်မြင်မားစွာ တိုးတက်ဖွံ့ဖြိုးနေသောလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ ကုမ္ပဏီများအား ဂုဏ်ပြုသည့်အနေဖြင့် စက်တင်ဘာလ ၃၀ ရက်နေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (world Tourism Day) အဖြစ်သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism) နှင့်ပတ်သက်သောအကြောင်းအရာများ၊ တိုးတက်ပြောင်းလဲလာသောနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် သာယာလှပသော သဘာဝရေမြေတောတောင်ရှုခင်းအခြေအနေများနှင့် ရိုးရာဓလေ့ထုံးတမ်းများ သိရှိခံစားလို၍ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် အပြည်ပြည်ဆိုင်ရာ လေကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်းများသာမက နယ်စပ် ဝင်/ ထွက်ပေါက်များမှတဆင့် ကိုယ်ပိုင်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် နယ်စပ်ဖြတ်ကျော် ခရီးစဉ်များမှ လာရောက်လည်ပတ်မှုများ တိုးတက် များပြားလျက်ရှိပါသည်။ ကမ္ဘာလှည့်ခရီးသွားဧည့်သည့်များလာရောက်မှု တိုးတက်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုကဏ္ဍများသည်လည်း တိုးတက်လာရမည် ဖြစ်ပါသည်။

ဤစာတမ်းတို့နှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁။ နိဒါန်း ...................................................................................................၃

၂။ ခရီးသွားလုပ်ငန်း ......................................................................................၃

၃။ မီးခိုးမထွက်စက်မှုလုပ်ငန်း၏ခရီးအစ .....................................................................၃

၄။ ခရီးသွားလုပ်ငန်းအမျိုးအစားများ .........................................................................၄

၅။ ခရီးသွားလုပ်ငန်းနှင့်ဧည့်လမ်းညွှန်.........................................................................၅

၆။ မြန်မာနိုင်ငံ၏နှစ်အလိုက်ခရီးသွားဝင်ရောက်မှုအခြေအနေ ............................................၅

၇။ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း (Ecotourism) ......................................................၈

၈။ ကမ္ဘာ့သဘာဝအခြေခံခရီးသွားလုပ်ငန်း....................................................................၉

၉။ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း (Ecotourism) ၏အခြေခံမှုများ .......................... ၁၀

၁၀။ အာဆီယံနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှု..........................................................၁၁

၁၁။ မြန်မာနိုင်ငံတွင် နိုင်ငံခြားခရီးသည်လည်ပတ်မှုအခြေအနေ……..…………………...…...၁၂

၁၂။ အစိုးရ၏ဆောင်ရွက်ချက်များ ..........................................................................၁၃

၁၃။ လတ်တလောဆောင်ရွက်နေမှုများ.......................................................................၁၄

၁၄။ မူဝါဒများ.................................................................................................... ၁၅

၁၅။ ဝန်ဆောင်မှုဆိုင်ရာအခြေခံအဆောက်အဦနှင့်လူသားအရင်းအမြစ်များ ....................... ၁၆

၁၆။ ခရီးသွားလုပ်ငန်းကောင်းကျိုးနှင့်ဆိုးကျိုး ...........................................................၁၇

၁၇။ ပညာရှင်များ၏သုံးသပ်ချက်များ ...................................................................... ၁၈

၁၈။ နိဂုံး ........................................................................................................ ၁၈

## နိဒါန်း

၁။ ကမ္ဘာအရပ်ရပ်တွင် မီးခိုးမထွက်သည့်စက်ရုံဟု တင်စားခေါ်ဝေါ်သည့် ခရီးသွားလုပ်ငန်း မှဝင်ငွေရှာဖွေခြင်းကို အာရုံစိုက်လျှက်ရှိကြပါသည်။ ထိုသို့ စိတ်ဝင်စားလာရခြင်းမှာ ခရီးသွား လုပ်ငန်းမှဝင်ငွေပမာဏများပြီး မိမိတို့နိုင်ငံ၏အကြောင်းကို ကမ္ဘာကသိစေနိုင်သောကြောင့် ဖြစ်ပါ သည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် ပွင့်လင်းမြင်သာရှိမှုတို့ကြောင့်လည်း ကောင်း၊ ခရီးသွားလာရေး အဆင်ပြေချောမွေ့အောင် လမ်းတံတားများအပါအဝင် အခြေခံ အဆောက်အဦများ တိုးချဲ့တည်ဆောက် ပြုပြင်ခြင်းများကြောင့်လည်းကောင်း ကမ္ဘာလှည့်ခရီး သွားများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြား စွာလာရောက်လည်ပတ်လျက်ရှိပါသည်။

## ခရီးသွားလုပ်ငန်း

၂။ ခရီးသွားလုပ်ငန်းသည် ရေရှည်ပြုစုပျိုးထောင်ရသော လုပ်ငန်းဖြစ်ပါသည်။ အကောင်းဆုံး ဝန်ဆောင်မှုများပေးနိုင်မှ ခရီးသွားလုပ်ငန်းသည် တိုးတက်လာမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ခရီးသွားလုပ်ငန်းတိုးတက်ရေးတွင် ဝန်ဆောင်မှုကိုပေးရသောခရီးသွားလုပ်ငန်းများ၏ အခန်း ကဏ္ဍသည် အဓိကအကျဆုံးဖြစ်ပါသည်။ ခရီးသွားဧည့်သည့်များ တစ်နှစ်ထက်တစ်နှစ် တိုးတက် လာရောက်စေရန် အကောင်းဆုံးဝန်ဆောင်မှုများနှင့်ဆွဲဆောင်ရန်မှာ ခရီးသွားလုပ်ငန်း လုပ်ကိုင်သူ များတွင် အဓိကတာဝန်ရှိမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကမ္ဘာလှည့်ခရီးသွားများ တစ်နှစ်ထက် တစ်နှစ် လာရောက်မှုတိုးတက်စေရန် ဝိုင်းဝန်းကြိုးပမ်းကြရပါမည်။ ကမ္ဘာလှည့်ခရီးသွားဧည့်သည် များ လာရောက်မှုတိုးလာသည်နှင့်အမျှ ရရှိလာသောအကျိုးအမြတ်များ၊ တန်းတူအခွင့်အလမ်း များလည်း ရရှိလာမည်ဖြစ်ပါသည်။[1]

## မီးခိုးမထွက်စက်မှုလုပ်ငန်း၏ခရီးအစ

၃။ နေရာဒေသတစ်ခု၏ စိမ်းလန်းစိုပြည်မှု၊ သာယာလှပသောမြင်ကွင်း၊ စိတ်တွင်ခံစားရသော ရသ၊ သဘာဝတရားတို့ကို အခြားသူတစ်ဦးအား ပုံဖော်ပြောပြခြင်းထက် မိမိကိုယ်တိုင် သွားရောက် မှသာလျှင် ပြည့်စုံနိုင်မည်ဖြစ်ပါသည်။ လူတို့၏ဗီဇသည် စူးစမ်းလေ့လာလိုကြသည်ဖြစ်ရာ တစ်အိမ်

[1] မြန်မာ့အလင်းသတင်းစာ၊ကုဋ္ဌေကုဋ္ဌာဧည့်များလာအခွင့်အလန်းတူညီစွာ၊ အယ်ဒီတာ့အာဘော် (၃၀-၉-၂၀၁၅) / [accessed date 14 Nov 2016]

နှင့်တစ်အိမ် ကူးလူးဆက်ဆံသွားလာကြပါသည်။ ၎င်းသည် ခရီးသွားလုပ်ငန်း၏ အစပင်ဖြစ်ပါသည်။ နယ်မြေသစ်ရှာဖွေသူ ကိုလံဘတ်စ်၊ ဗာစကိုဒဂါးမားတို့မတိုင်မီကပင် ခရီးသွား လုပ်ငန်း၊ ခရီးလှည့်လည်သွားလာခြင်းများရှိခဲ့ပါသည်။

၄။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို မြန်မာနိုင်ငံတွင် ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ကုန်သွယ်ကော်ပိုရေးရှင်း အမှတ် ၂၀ အဖြစ် ဖွဲ့စည်းကာ စတင်ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် (Tourist Burma) အဖြစ်အမည်တွင်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ် စက်တင်ဘာလ ၂၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၅၁/၉၂) ဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့ပါသည်။[2]

## ခရီးသွားလုပ်ငန်းအမျိုးအစားများ

၅။ အဓိကအားဖြင့်ခရီးသွားလုပ်ငန်းအမျိုးအစား (၃) မျိုးရှိပါသည်။ ၎င်းတို့မှာ-

(က) နိုင်ငံခြားသားများက မိမိနိုင်ငံအတွင်းသို့ လာရောက်လည်ပတ်သည့် ခရီးသွားလုပ်ငန်း (Inbound Tourism)

(ခ) မိမိနိုင်ငံအတွင်းမှ ပြည်ပနိုင်ငံများသို့ သွားရောက်လည်ပတ်သည့်ခရီးသွားလုပ်ငန်း (Outbound Tourism) နှင့်

(ဂ) နိုင်ငံအတွင်းသွားရောက်လည်ပတ်သည့် ခရီးသွားလုပ်ငန်း (Domestic Tourism) တို့ဖြစ်ပါသည်။

၆။ မိမိနိုင်ငံအတွင်းမှ ပြည်ပသို့ သွားရောက်လည်ပတ်သည့်ခရီးသွားလုပ်ငန်း (Outbound Tourism) သည် နိုင်ငံသားများအနေဖြင့် ပြည်ပသို့ ခရီးသွားလာခြင်းဖြင့် နား၊ မျက်စိပွင့်လာပြီး ဗဟုသုတရရှိခြင်း၊ အမြော်အမြင်ကြီးလာပြီးစီးပွားရေးလုပ်ကိုင်ရန် အခွင့်အလမ်းများ မြင်လာနိုင်ခြင်းကြောင့် ခရီးသွားလုပ်ငန်းသည် နိုင်ငံအတွင်းသို့ ခရီးသည်များ လာရောက်မှသာ အကျိုးရှိသည်မဟုတ် ပြည်ပနိုင်ငံများသို့သွားရောက်ခြင်းသည်လည်း အကျိုးအမြတ်များစွာ ရရှိဖြစ်ထွန်းစေနိုင်ပါသည်။[3]

[2] မီးခိုးမဲ့စက်မှုကုန်ထုတ်လုပ်ငန်း၏အနာဂတ်မျှော်လင့်ချက်၊ http://facemyanmar.blogspot.com/2015/05/blog-spot_367.html, [accessed 25 June 2016]

[3] မြန်မာ့အလင်းသတင်းစာ ငြိမ်းချမ်းရေးရောင်ခြည်ကြောင့်ပိုမိုပွင့်လန်းလာမည့်ခရီးသွားလုပ်ငန်းပန်းကလေးများ,ဇန်နဝါရီလ ၂၅၊ ၂၀၁၆ [accessed 25 Jane 2016]

## ခရီးသွားလုပ်ငန်းနှင့်ဧည့်လမ်းညွှန်

၇။ ခရီးသွားလုပ်ငန်းတွင် ဧည့်လမ်းညွှန်ကဏ္ဍသည် အဓိကနေရာတွင်ပါဝင်နေပါသည်။ မီးခိုးမထွက်သည့်စက်ရုံဟုတင်စားခေါ်ဝေါ်သည့် ခရီးသွားလုပ်ငန်းအား စည်းချက်ညီညီ တိုးတက်လာစေရန်အတွက် ဧည့်လမ်းညွှန်ကဏ္ဍမြှင့်တင်ပေးရန်မှာ အထူးလိုအပ်ပါသည်။ ဈေးကွက် စီးပွားရေးစနစ်ကျင့်သုံးလာသည်နှင့်အမျှ မြန်မာနိုင်ငံအတွင်းသို့ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ဝင်ရောက်လာကြသည့်နိုင်ငံခြားဧည့်သည်များအား ဝန်ဆောင်မှုကောင်းများပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှဦးဆောင်၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြိုးပမ်းမှုဖြင့် အခြေခံဧည့်လမ်းညွှန် သင်တန်းများကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။[4]

## မြန်မာနိုင်ငံ၏နှစ်အလိုက်ခရီးသွားဝင်ရောက်မှုအခြေအနေ

၈။ မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည် တိုးတက်ဝင်ရောက်မှုအခြေအနေမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁.၃၄ သန်းကျော် ဝင်ရောက်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၂.၂၉ သန်းကျော် တိုးတက်ဝင်ရောက်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ နိုဝင်ဘာလကုန်အထိ နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှုမှာ ၂.၇၃ သန်းကျော်ရှိနေပြီးဖြစ်သောကြောင့် လက်ရှိဘဏ္ဍာနှစ်ကုန်တွင် ခန့်မှန်းထားသည့်အတိုင်း ၃.၀ သန်းအထိ ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားသားဧည့်သည် ၄.၆ သန်း ဝင်ရောက်နိုင်မည်ဟု မျှော်မှန်းခဲ့ပါသည်။[5]

၉။ ၂၀၁၀-၂၀၁၄ ခုနှစ် အာဆီယံဒေသတွင်းကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

[4] Available from: http://facemyanmar.blogspot.com/2015/05/blog-spot_367.html, [accessed date 5 July 2016]
[5] ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၊ ကဏ္ဍများ၏ထုတ်လုပ်မှု၊ ဝန်ဆောင်မှု ရည်မှန်းချက်များ (မူကြမ်း) /[accessed 2 January 2017]

## ၂၀၁၀-၂၀၁၄ ခုနှစ် အာဆီယံဒေသကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု

| **နိုင်ငံ** | **၂၀၁၀ ခုနှစ်** | **၂၀၁၁ ခုနှစ်** | **၂၀၁၂ ခုနှစ်** | **၂၀၁၃ ခုနှစ်** | **၂၀၁၄ ခုနှစ်** |
|---|---|---|---|---|---|
| ဘရူနိုင်းဒါရူဆလမ် | ၂၁၄.၃ | ၂၄၂.၁ | ၂၀၉.၁ | ၃,၂၇၉.၂ | ၃,၈၈၅.၅ |
| ကမ္ဘောဒီးယား | ၂,၅၀၈.၃ | ၂,၈၈၁.၉ | ၃,၅၈၄.၃ | ၄,၂၁၀.၂ | ၄,၅၀၂.၈ |
| အင်ဒိုနီးရှား | ၇,၀၀၂.၉ | ၇,၆၄၉.၇ | ၈,၀၄၄.၅ | ၈,၈၀၂.၁ | ၉,၄၃၅.၄ |
| လာအို | ၂,၅၁၃.၀ | ၂,၇၂၃.၆ | ၃,၃၃၀.၁ | ၃,၇၇၉.၅ | ၄,၁၅၈.၇ |
| မလေးရှား | ၂၄,၅၇၇.၂ | ၂၄,၇၁၄.၃ | ၂၅,၀၃၂.၇ | ၂၅,၇၁၅.၅ | ၂၇,၄၃၇.၃ |
| **မြန်မာ** | **၇၉၁.၅** | **၈၁၆.၄** | **၁,၀၅၉.၀** | **၂,၀၄၄.၃** | **၃,၀၈၁.၄** |
| ဖိလစ်ပိုင် | ၃,၅၂၀.၅ | ၃,၉၁၇.၅ | ၄,၂၇၂.၈ | ၄,၆၈၁.၃ | ၄,၈၃၃.၄ |
| စင်ကာပူ | ၁၁,၆၃၈.၇ | ၁၃,၁၇၁.၃ | ၁၄,၄၉၁.၂ | ၁၅,၅၆၇.၉ | ၁၅,၀၉၅.၂ |
| ထိုင်း | ၁၅,၉၃၆.၄ | ၁၉,၀၉၈.၃ | ၂၂,၃၅၃.၉ | ၂၆,၅၄၆.၇ | ၂၄,၇၇၉.၈ |
| ဗီယက်နမ် | ၅,၀၄၉.၉ | ၆,၀၁၄.၀ | ၆,၈၄၇.၇ | ၇,၅၇၂.၄ | ၇,၈၇၄.၃ |
| **စုစုပေါင်း** | **၇၃,၇၅၂.၆** | **၈၁,၂၂၉.၀** | **၈၉,၂၂၅.၂** | **၁၀၂,၁၉၉.၀** | **၁၀၅,၀၈၃.၈**[6] |


၁၀။ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် ဒေသတွင်းခရီးသွားလုပ်ငန်းအတိုးတက်ဆုံးနိုင်ငံအဖြစ် မြန်မာနိုင်ငံသည် ဦးဆောင်ခဲ့သည်ဟု အာဆီယံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် အာဆီယံနိုင်ငံများအတွင်း နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁၀၂ သန်းကျော် လည်ပတ်ခဲ့ပြီး လာအို ၁၀ ရာခိုင်နှုန်း၊ မလေးရှား ၈.၈ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားက ၇.၂ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယား ၇ ရာခိုင်နှုန်း၊ ဗီယက်နမ် ၄ ရာခိုင်နှုန်း၊ ဖိလစ်ပိုင် ၃.၃ ရာခိုင်နှုန်းဖြင့် ခရီးသွားလုပ်ငန်းများတိုးတက်ခဲ့ပါသည်။ အာဆီယံနိုင်ငံများအနက် သုံးနိုင်ငံတွင် ခရီးသွား

[6] Available from: ASEAN Tourism Statistics Database (complled from AMS data submissions, publications/ reports and/ or websites of national tourism organizations/agencies, and/ or national statistical offices) /[accessed 28 December 2016]

ဝင်ရောက်မှုနှုန်း လျော့နည်းခဲ့ပြီး ထိုင်း ၆.၇ ရာခိုင်နှုန်း၊ ဘရူနိုင်း ၆ ရာခိုင်နှုန်း၊ စင်ကာပူ ၃.၁ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်အတွင်း ခရီးသွား တိုးတက်မှုနှုန်း အများဆုံးနိုင်ငံဖြစ်ခဲ့သော်လည်း နိုင်ငံခြားသားခရီးသွား အရေအတွက်၌ အဆင့် ကိုးတွင်သာ ရပ်တည်နေပါသည်။ အာဆီယံဒေသအတွင်း ခရီးသည် ဝင်ရောက်မှုနှုန်း အများဆုံး သုံးနိုင်ငံမှာ မလေးရှား၊ ထိုင်းနှင့် စင်ကာပူတို့ ဖြစ်ပါသည်။ လာမည့် ငါးနှစ်ကျော်ကာလအထိ မြန်မာနိုင်ငံ၏ခရီးသွားကဏ္ဍ ဆက်လက်အားကောင်းနိုင်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ရှင်များအသင်းမှ ခန့်မှန်းခဲ့ပါသည်။[7]

၁၁။ ခရီးသွားလုပ်ငန်းဖြင့် အောင်မြင်နေသောနိုင်ငံများအလိုက် ခရီးသွားကဏ္ဍမှ တစ်နှစ်အတွင်း ဝင်ငွေရရှိမှုပမာဏမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ခရီးသွားကဏ္ဍမှ တစ်နှစ်အတွင်းဝင်ငွေရရှိမှု**




Source: ၁၈-၁၁-၂၀၁၆၊ ကြေးမုံသတင်းစာ

[7] Mizzima ၊ အာဆီယံဒေသတွင်းခရီးသွားလုပ်ငန်းအတိုးတက်ဆုံးနိုင်ငံအဖြစ်မြန်မာဦးဆောင်၊

## သဘာဝအခြေခံ ခရီးသွားလုပ်ငန်း (Ecotourism)

၁၂။ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း (Ecotourism) ဆိုသည်မှာ "သဘာဝအရ တည်ရှိနေသောဒေသများသို့ ယင်းဒေသ၏ ထိန်းသိမ်းရေးအတွက်နှင့် ဒေသခံတို့၏ သာယာဝပြောရေးအတွက် တာဝန်သိစွာသွားရောက်လည်ပတ်သော ခရီးစဉ်ဖြစ်သည်" ဟုနိုင်ငံတကာ သဘာဝအခြေခံခရီးသွား လုပ်ငန်းအဖွဲ့ (The International Ecotourism Society) မှအဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။[8]

၁၃။ ၁၉၈၃ ခုနှစ်ကပင် သန္ဓေတည်ခဲ့သော သဘာဝအခြေခံခရီးသွားလုပ်ငန်းသည် ၁၉၉၆ တွင် (TIES) The International Ecotourism Society ဟူ၍ ထင်ပေါ်ကျော်ကြားလာခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် Norway နိုင်ငံတွင် အောစလို (oslo) မြို့တွင် မေလ ၁၄ ရက်မှ ၁၆ ရက်နေ့အထိ ကမ္ဘာ့အခြေခံခရီးသွားလုပ်ငန်း ကွန်ဖရင့်အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ကြပါသည်။ နိုင်ငံပေါင်း ၁၂၀ သည် ၎င်း society တွင် အသင်းဝင်ခဲ့ကြပါသည်။ ထိုအခါမှစ၍ သဘာဝအခြေခံခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် စတင်ဖြစ်ထွန်းပေါ်ပေါက်လာပြီး မြန်မာနိုင်ငံတွင်လည်း သစ်တောရေးရာဝန်ကြီးဌာနမှ ၁၉၉၆ ခုနှစ်တွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၃၉/၉၆) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၁၄။ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းသည် ရှေးယခင်ကာလများတွင် ရံဖန်ရံခါ ရှိခဲ့သော်လည်း ၁၉၉၈ ခုနှစ်လောက်မှစ၍ ကမ္ဘာပေါ်တွင် တရားဝင်ထင်ရှားလာပါသည်။ ယခုအခါ ထိုခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အရှိန်အဟုန်ဖြင့် ကြီးမားလာသော ခရီးသွားစီးပွားရေးဈေးကွက်တစ်ခု ဖြစ်လာခဲ့ပါသည်။

၁၅။ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အပြည်ပြည်ဆိုင်ရာ ဝေါဟာရအသုံးအနှုန်းအရ Ecotourism ဟု အမည်ပေးထားပါသည်။ အများက Eco ဟူသော စီးပွားရေးဝေါဟာရစကားအပြင် ကြီးကျယ်ခမ်းနားသော ဟိုတယ်များ မရှိသောဒေသ၊ သဘာဝတောတောင်ကြားတွင်ရှိသော ဝန်ဆောင်မှုကို လက်ခံကျင့်သုံးရသော ခရီးစဉ်ဖြစ်သောကြောင့် ချွေတာရေးခရီးစဉ်ဟု မှားယွင်းစွာ အဓိပ္ပာယ်ကောက်ကြပါသည်။

---

[8] တိုးမြင့်စီမံသဘာဝအခြေခံ၊ မျိုးမြင့်သန်း (မန်းစက်မြေ) ၁၈-၃-၂၀၁၅၊ available from http://moigovnews.blogspot.com/2015/05/blog-post_720.html

၁၆။ Ecology ဟူသည် "ဂေဟစနစ်" ဟူသော ဝေါဟာရမှ အတိုကောက် Eco ဟု စလုံးကို ထုတ်ယူကာ Tourism ဟူသော ခရီးသွားလုပ်ငန်းနှင့် ပေါင်းစပ်ထားသော စကားလုံးဖြစ်ပါသည်။ "ဂေဟဗေဒ" ဆိုသည်မှာလည်း သိပ္ပံဘာသာရပ်တစ်ခုဖြစ်ပါသည်။ သက်ရှိဇီဝသတ္တဝါများနှင့် မိမိတို့ကို ဝန်းရံထားသော သဘာဝပတ်ဝန်းကျင်ကြား တစ်ဦးပေါ်တစ်ဦး အကျိုးသက်ရောက်မှုရှိသော သဘာဝဖြစ်စဉ်များကို စူးစမ်းလေ့လာသုံးသပ်သော ပညာရပ်ဖြစ်ပါသည်။[9]

**ကမ္ဘာ့သဘာဝအခြေခံခရီးသွားလုပ်ငန်း**

၁၇။ ကမ္ဘာ့သဘာဝအခြေခံခရီးသွားလုပ်ငန်း ကွန်ဖရင့်သည် အရေးပါသော သဘာဝအခြေခံခရီးသွားလုပ်ငန်း ကွန်ဖရင့်တစ်ခုဖြစ်ပါသည်။ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုမှ သဘာဝအခြေခံခရီးသွားလုပ်ငန်း နယ်ပယ်ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီး ပူးပေါင်းပါဝင်သောကွန်ဖရင့်တစ်ခုဖြစ်ပြီး ကမ္ဘာ့သဘာဝ အခြေခံခရီးသွားလုပ်ငန်း ကွန်ဖရင့်များကို အောက်ပါအတိုင်း ကျင်းပခဲ့ပါသည်-

| စဉ် | အကြိမ် | ကာလ | မြို့ | နိုင်ငံ |
|---|---|---|---|---|
| ၁။ | ပထမ | ၂၀၀၉ ခုနှစ်၊<br>ဇူလိုင်လ ၁၅ ရက်မှ ၁၇ ရက်အထိ | Vientiane | လာအို |
| ၂။ | ဒုတိယ | ၂၀၁၀ ခုနှစ်၊<br>ဇူလိုင်လ ၈ ရက်မှ ၁၁ ရက် | ကွာလာလမ်ပူ | မလေးရှား |
| ၃။ | တတိယ | ၂၀၁၁ ခုနှစ်၊<br>အောက်တိုဘာလ ၃ ရက်မှ ၅ ရက် | Sihanoukville | ကမ္ဘောဒီးယား |
| ၄။ | စတုတ္ထ | ၂၀၁၂ ခုနှစ်၊<br>စက်တင်ဘာလ ၂ ရက်မှ ၅ ရက် | Gyeonggi | တောင်ကိုရီးယား |
| ၅။ | ပဉ္စမ | ၂၀၁၄ ခုနှစ်၊<br>ဖေဖော်ဝါရီလ ၂၀ ရက်မှ ၂၂ ရက် | Cebu | ဖိလစ်ပိုင် |

[9] တင်သန်းယု၊ ခရီးသွား၊ သဘာဝအခြေခံခရီးသွားနှင့် ၁၃၅၊ စာမျက်နှာ ၁၄၊ ၁၅ / [accessed 31 January 2017]

၁၈။ အဆိုပါကွန်ဖရင့်မှ ပေါ်လစီရေးဆွဲသူခေါင်းဆောင်များ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဆောင်ရွက်သူများ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ထွက်ကုန်ဝယ်ယူ/ ရောင်းချသူများအား စုပေါင်းဈေးကွက်၊ စုပေါင်းအတွေးအမြင်နှင့် အကျိုးအမြတ်ရရှိနိုင်ရေးနှင့် သဘာဝအခြေခံခရီး သွားလုပ်ငန်းစီစဉ်သူများ၊ သဘာဝအခြေခံ ဟိုတယ်နှင့် အပန်းဖြေစခန်းများ၊ ခရီးသွားကုန်စည် လုပ်ငန်းများ၊ လုပ်ငန်းကျွမ်းကျင်သူများအတွက် နောက်ဆုံးပေါ်သတင်း အချက်အလက်၊ စီးပွားရေး လုပ်ငန်းနှင့် အတွေးအခေါ် ပြောင်းလဲခြင်းဆိုင်ရာ ပုံသဏ္ဍာန်လမ်းကြောင်းများ၊ ဈေးကွက်သစ် များ စသည့်အကောင်းဆုံးသောအခွင့်အလမ်းများကို ဆောင်ရွက်ပံ့ပိုးပေးနိုင်ခဲ့ပါသည်။[10]

## သဘာဝအခြေခံ ခရီးသွားလုပ်ငန်း (Ecotourism) ၏အခြေခံမူများ

၁၉။ မြန်မာနိုင်ငံတွင်သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism) ကို၁၉၉၈ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ခရီးစဉ်ဒေသအတွင်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး၊
- ယဉ်ကျေးမှု ဆိုင်ရာဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်စေရန်၊
- ခရီးသွားဧည့်သည်များနှင့် ဒေသခံပြည်သူများအားလုံး သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို အမြတ်တနိုးတန်ဖိုးထား စောင့်ထိန်းတတ်သည့် အသိပညာများ ခိုင်မာစွာတည်ရှိစေရန်၊
- ခရီးသည်များနှင့် ဒေသခံများအကြား အပြန်အလှန် လေးစားမှုရှိစေရန်၊ သဘာဝပတ်ဝန်း ကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဘဏ္ဍာ ရေးဖြည့်ဆည်းမှုဖြစ်စေရန်၊
- ဒေသခံပြည်သူများအနေဖြင့် လူမှုအကျိုးစီးပွားနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်စွမ်းနှင့် ပြောရေးဆိုခွင့်ကို မြင့်တင်နိုင်စေရန်၊
- အိမ်ရှင်နိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ကို သိရှိနားလည်နိုင်မှု တိုးတက်စေရန်ဟူ၍ သတ်မှတ်ထားရှိပါသည်။

[10] Ibid

၂၀။ မြန်မာနိုင်ငံတွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၁၉၉၈ ခုနှစ်တွင် သစ်တောရေးရာဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် (၆၃/၉၈) ဖြင့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခဲ့ပြီး သဘာဝနယ်မြေဖြစ်သည့် ဥယျာဉ်/ဘေးမဲ့တောများ၊ဆင်စခန်းများ၊ တိရစ္ဆာန်ဥယျာဉ်များကို ထည့်သွင်းပြီးခရီးသွားစခန်းနေရာ ၁၅ ခုကိုသတ်မှတ်ခဲ့ပါသည်။

၂၁။ ခရီးသွားလုပ်ငန်းကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့မြန်ဆန်စေရေး ညှိနိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရန် (၄-၅-၂၀၁၁) ရက်စွဲပါ အမိန့်ကြောငြာစာအမှတ် (၉၈) ဖြင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကော်မတီကိုအောက်ပါ အတိုင်းပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်-

(က) သဘာဝအခြေခံခရီးသွားလုပ်ငန်းကြီးကြပ်မှုကော်မတီ၊

(ခ) သဘာဝအခြေခံခရီးသွားလုပ်ငန်းဆောင်ရွက်မှုကော်မတီ။

ထို့ပြင် ခရီးသွားစခန်းနေရာများကိုလည်း (၂၁) ခုသို့တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။[11]

**အာဆီယံနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှု**

၂၂။ အာဆီယံနိုင်ငံများမှလည်း မိမိတို့နိုင်ငံ၏သဘာဝနယ်မြေဒေသများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ မထိခိုက်စေရေး ကြိုးပမ်းထိန်းသိမ်းဆောင်ရွက်သကဲ့သို့ တပြိုင်တည်းမှာပင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိကြပါသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် အာဆီယံအမွေအနှစ်ဥယျာဉ် ASEAN Heritage Park (AHP) (၂) ခု၊ စင်ကာပူနိုင်ငံတွင် (AHP) (၂) ခု၊ ထိုင်းနိုင်ငံတွင် (AHP) (၄) ခု၊ ဖိလစ်ပိုင်နိုင်ငံတွင် (AHP) (၅) ခု၊ ဗီယက်နမ်နိုင်ငံတွင် (AHP) (၅) ခု၊ ဘရူနိုင်းနိုင်ငံတွင် (AHP) (၁) ခု၊ မလေးရှားနိုင်ငံတွင် (AHP) (၃) ခု၊ လာအိုနိုင်ငံတွင် နိုင်ငံ၏ (၉၀) % ခန့်ရှိ သဘာဝတောင်တန်းများနှင့် (AHP) (၁) ခု၊ အင်ဒိုနီးရှားနိုင်ငံတွင် (AHP) (၃) ခု စသည်ဖြင့် (AHP) များ အပါအဝင် မိမိတို့၏ သဘာဝနယ်မြေဒေသများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိရောက်သော စီမံခန့်ခွဲမှုစနစ် (Effective Sustainable Management) ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ သဘာဝ

---

[11] တိုးမြှင့်စီမံသဘာဝအခြေခံ၊ မျိုးမြင့်သန်း (မန်းစက်မြေ) ၁၈-၃-၂၀၁၅၊ available from: http://moigovnews.blogspot.com/2015/05/blog-post_720.html / [accessed 15 December 2016]

အခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ အလေ့အကျင့်ကောင်းများ (Ecotourism Practices) ပျိုးထောင်ခြင်းနှင့် အမြင့်မားဆုံးသော လူမှုစီးပွားအကျိုးအမြတ်များ (Maximize Social and Economic Benefits) ရရှိရန်အတွက် အစိုးရနှင့် ခရီးသွားလာရေးဆိုင်ရာ အဖွဲ့ချုပ်များ၊ NGO အဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသခံဧည့်လမ်းညွှန်များအား ဘာသာစကားသာမက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာနှင့် နယ်မြေအခြေအနေများ ကျွမ်းကျင်နှံ့စပ်အောင် လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်လျှက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၃။ ဒေသတွင်း ASEAN (၁၀) နိုင်ငံ၌ အမွေအနှစ်ဥယျာဉ် ASEAN Heritage Park (AHP) (၃၃) ခုရှိပြီး မြန်မာနိုင်ငံမှ (၇) ခုအဖြစ်ပါဝင်ကာ ၎င်း(၇) ခုစလုံးကို သဘာဝအခြေခံခရီးသွားလုပ်ငန်းစခန်း အဖြစ်သတ်မှတ်ထားပါသည်။ [12]

## မြန်မာနိုင်ငံတွင်နိုင်ငံခြားခရီးသည်လည်ပတ်မှုအခြေအနေ

၂၄။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏မှတ်တမ်းများအရ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသည် ၄၊သန်းအထိမှန်းခဲ့ပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ မဟာဗျူဟာအရလည်း ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံခြားခရီးသည် ခုနှစ်သန်းအထိ ဝင်ရောက်ရန် ခန့်မှန်းထားပါသည်။ မြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ် ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ သဘာဝ အခြေခံခရီးသွားလုပ်ငန်း ကွန်ဖရင့်တွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနှင့် မဟာဗျူဟာကို ထည့်သွင်းထုတ်ပြန်သွားမည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံ၏ သဘာဝအခြေခံခရီးသွားလုပ်ငန်း မူဝါဒနှင့် မဟာဗျူဟာကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့် နီပေါနိုင်ငံအခြေစိုက် တောင်တန်းဒေသဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာဗဟိုဌာန (IMIMOD) တို့ ပူးပေါင်းရေးဆွဲထားခြင်းဖြစ်ပါသည်။ သဘာဝအခြေခံခရီးသွားလုပ်ငန်းတွင် ခရီးရှည်လမ်းလျှောက်ခြင်း၊ အပန်းဖြေစခန်းချခြင်း၊ ကာကွယ်တော ဇရိယာများသို့ သွားရောက်ကြည့်ရှုခြင်း၊ ငှက်ကြည့်ခြင်း၊ ရေအောက်သို့ စူးစမ်းခြင်း၊ ပတ်ဝန်းကျင် ရှုခင်းလေ့လာခြင်းများပါဝင်ပြီး မြန်မာနိုင်ငံတွင် သဘာဝအခြေခံ

[12] Available from: http://www.myanmartourism.org/index.php/publication/articles-myanmar /[accessed 3 January 2017]

ခရီးသွားစခန်း ၂၀ ခုရှိပါသည်။ မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၃ သန်းကျော် လာရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့လာရောက်သည့်ခရီးသွားအများစုသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများသို့သာ သွားရောက်မှုများပြားသော်လည်း သဘာဝအခြေခံခရီးသွားနယ်မြေများသို့ သွားရောက်မှု အနည်းငယ်သာ ရှိခဲ့ပါသည်။

## အစိုးရ၏ဆောင်ရွက်ချက်

၂၅။ မြန်မာနိုင်ငံ၏ရေမြေသဘာဝသည် ခရီးသွားလုပ်ငန်းအတွက် အထူးသင့်လျော်ပြီး သမိုင်းအမွေအနှစ်များနှင့် သဘာဝရှုခင်းများ များပြားစွာရှိခြင်းသည် သဘာဝခရီးသွားလုပ်ငန်းအောင်မြင်ရန်အတွက် ဆွဲဆောင်မှုများပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည်၂၀၁၂ ခုနှစ်ဇွန်လတွင် ကမ္ဘာ့ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့သို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် အာဆီယံ ခရီးသွားလုပ်ငန်း၊ မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအစီအစဉ် ဧရာဝတီ-ကျောက်ဖ ယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMESCS)၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး (CLMTV)၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ထိုင်း၊ ဗီယက်နမ် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု(CLMTV) ပစိဖိတ်ဒေသ ခရီးသွားလုပ်ငန်းအဖွဲ့ (AFAS) အာဆီယံဝန်ဆောင်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာ သဘောတူ ညီချက်တို့နှင့်ဆက်စပ်၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိပါသည်။[13]

၂၆။ အစိုးရသစ်လက်ထက်တွင် ခရီးသွားကဏ္ဍအနေဖြင့်လည်း ရက် ၁၀၀ စီမံချက်ကို ဦးစားပေးအစီအစဉ် ၃ ခုဖြင့် ဆောင်ရွက်သွားနိုင်ခဲ့ကြောင်းသိရပါသည်။ စီမံချက်တွင် ရပ်ရွာလူထုကိုအခြေပြုသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးစဉ်ဒေသသစ်များဖော်ထုတ်ခြင်းနှင့် ဖွံ့ဖြိုးပြီးသော ခရီးစဉ်ဒေသများနှင့် ခရီးစဉ်သစ်များကို ချိတ်ဆက်ကာ ဈေးကွက်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားခဲ့ပြီး ဦးစားပေးအနေဖြင့် ရပ်ရွာလူထုအခြေပြု ခရီးသွာလုပ်ငန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ဒေသခြောက်ခုကို ရွေးချယ်ခဲ့ကာ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၊ ကရင်ပြည်နယ်

[13] ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဝိုင်းဝန်ကြီးပမ်း၊ အယ်ဒီတာ့အာဘော် (၃-၂-၂၀၁၄)
available from: http://myawady-myawady. blogspot.com/ 2014/02/ blog-post_5160.html /[accessed date 8 December 2016]

သံတောင်ကြီးဒေသ၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီလင်းပိုင်များထိန်းသိမ်း စောင့်ရှောက်ခြင်း လုပ်ငန်း၊ ကယားပြည်နယ်လွိုင်ကော်ဒေသ၊ ရှမ်းပြည်နယ်ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကချင်ပြည်နယ်အင်းတော်ကြီးအိုင်ဒေသတို့ကို ဦးတည်လုပ်ဆောင်လျှက်ရှိရာ ခရီးသွားလုပ်ငန်း ကုမ္ပဏီများနှင့် ပူးပေါင်း၍ ဈေးကွက်မြှင့်တင်ခြင်းနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရန် ဒေသခံများခရီး သွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ဦးတည်ဆောင်ရွက်သွားလျှက်ရှိကြောင်းသိရှိရပါ သည်။[14]

## လတ်တလောဆောင်ရွက်နေမှုများ

၂၇။ ယခုအခါ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အကြီးဆုံးနှင့် အဆက်မပြတ်အလျင် အမြန်ဖွံ့ဖြိုး နေသည့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အားလုံးက အသိအမှတ်ပြုလာကြပြီဖြစ်ပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏အဆိုအရ ခရီးသွားလုပ်ငန်း၏ အလုပ်အကိုင် ဖန်တီးပေးနိုင်မှု သည် ကမ္ဘာ့အလုပ်အကိုင်များ၏ ၁၁ ပုံ ၁ ပုံ ရှိကြောင်း ခန့်မှန်းထားပြီး ခရီးသွားလုပ်ငန်းသည် အမျိုးသမီးများနှင့် လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် အဓိကလုပ်ငန်းတစ်ခုလည်းဖြစ်ကြောင်း သိရှိရပါသည်။ ထို့ပြင် ခရီးသွားလုပ်ငန်းသည် မြို့ပြ ဒေသတွင်သာမက ကျေးလက်ဒေသများတွင်လည်း ကျွမ်းကျင်အလုပ်သမားများနှင့် ကျွမ်းကျင်မှု နည်းသည့် အလုပ်သမားများအတွက်ပါ အလုပ်အကိုင်များ ဖန်တီးပေးသော လုပ်ငန်းတစ်ခု ဖြစ်ပါသည်။

၂၈။ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ခရီးသွားအရေအတွက် ၁၁၈၄ သန်းခန့်ရှိပြီး ယခင်နှစ်ကထက် ၅ ရာခိုင်နှုန်းတိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ၁.၄ ဘီလီယံနှင့် ၂၀၃၀ ပြည့်နှစ်တွင် ၁.၈ ဘီလီယံအထိ တိုးတက်လာမည်ဟု ခန့်မှန်းရပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၏ ခန့်မှန်းချက်အရ အာရှ-ပစိဖိတ် ဒေသ၌ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာလှည့်ခရီးသည် သန်း ၅၄၀ ရောက်ရှိနိုင်ပြီး ကမ္ဘာ့ဈေးကွက်၏ ၃၀ ရာခိုင်နှုန်းခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

[14] မေလ ၅ ရက်၊ ၂၀၁၆၊ ကြေးမုံသတင်းစာ /[accessed date 5 May 2016]

၂၉။ မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ်တွင် ခရီးသည်ရောက်ရှိမှု ၄.၆ သန်းကျော်ရောက်ရှိခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာလှည့်ခရီးသည် ခုနစ်သန်းကျော် လာရောက်နိုင်မည်ဟု ခန့်မှန်းထားကြောင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် ကနဦးအကောင်အထည်ဖော်ဆောင်ရွက်မှု တစ်ရပ်ဖြစ်သော ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို နိုင်ငံတစ်ဝန်းလုံးရှိ သတ်မှတ်ထားသော ဒေသများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်။ ထို့ပြင် ကျေးလက်ဒေသနေပြည်သူများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များအား လေ့လာလိုသည့် တိုင်းရင်းသား မျိုးနွယ်စုများ၏ နေထိုင်မှုပုံစံများအား လက်တွေ့ဝင်ရောက်ခံစားလိုသည့် ခရီးသွားများအတွက်ကိုလည်း ဧည့်ဝတ်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃၀။ အစိုးရသစ်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို စတင်တာဝန်ယူဆောင်ရွက်သည့်အချိန်ကစပြီး ပုဂ္ဂလိကကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင်လာစေရန်အတွက် ငွေကြေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ မူဝါဒများနှင့် အခြားသောကိစ္စရပ်များတွင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျှက်ရှိပါသည်။[15]

## မူဝါဒများ

၃၁။ မူဝါဒရေးရာနှင့်ပတ်သက်၍ ၂၂ နှစ်ကျော်ကြာမြင့်နေပြီးဖြစ်သော ယခုတည်ဆဲ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေကို တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နိုင်ငံတကာခရီးသွားလာရေးဥပဒေများနှင့်လည်း လိုက်လျောညီထွေရှိစေမည့် မြန်မာနိုင်ငံခရီးသွားလာရေးဥပဒေ (မူကြမ်း) ကိုအတည်ပြုပြဌာန်းနိုင်ရေးဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်မှ ချမှတ်ထားသည့်မူဝါဒများတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ခုအပါအဝင်ဖြစ်ပြီး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေးများသည်လည်း ဖွံ့ဖြိုးလာပါမည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (၂၀၁၃-၂၀၂၀) ကို ရေးဆွဲထားပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ခရီးသွားလုပ်ငန်းတွင် ကျွမ်းကျင်လုပ်

[15] စာမျက်နှာ ၁,၃၊ အောက်တိုဘာလ ၄ ရက်၊ ၂၀၁၆ ခုနှစ်၊ မြန်မာ့အလင်းသတင်းစာ, [accessed date 4 October 2016]

သားများပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်အနေဖြင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် သင်တန်းများဖွင့်လှစ်ပြီး စနစ်တကျအကောင်အထည်ဖော်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းမူဝါဒနှင့် မဟာဗျူဟာကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် နီပေါနိုင်ငံအခြေစိုက် တောင်တန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာဗဟိုဌာနတို့ ပူးပေါင်းရေးဆွဲခဲ့ပါသည်။[16]

## ဝန်ဆောင်မှုဆိုင်ရာအခြေခံအဆောက်အဦနှင့်လူသားအရင်းအမြစ်များ

၃၂။ ခရီးသွားလုပ်ငန်းသည်လူသားအချင်းချင်းဝန်ဆောင်မှုပေးရသော စီးပွားရေးလုပ်ငန်းဖြစ်သည့်အားလျော်စွာ လာရောက်လည်ပတ်သည့်ခရီးသည်များအား ဘေးအန္တရာယ်ကင်းရှင်း လုံခြုံစွာဖြင့်နေထိုင်သွားလာလည်ပတ်နိုင်ရေး၊ ဧည့်ဝတ်ကျေပွန်ရေး၊ ခရီးသည်များ ပျော်ရွှင်စွာ ကျေနပ်မှုရရှိရေးတို့သည် ခရီးသွားလုပ်ငန်း၏ အဓိကအရေးကြီးသောပင်မလုပ်ငန်းတစ်ခုဖြစ်ပါသည်။

၃၃။ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ်ဒီဇင်ဘာလကုန်အထိ ထုတ်ပေးထားသောလိုင်စင်စာရင်းအရ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဟိုတယ်ပေါင်း၁၂၇၉ လုံး နှင့် အခန်းပေါင်း ၄၉၉၄၆ ခန်း၊ ခရီးသွားကုမ္ပဏီပေါင်း ၁၉၄၆ ခု၊ ကမ္ဘာလှည့်အရီးသည် ပို့ဆောင်ရေးလုပ်ငန်း ၄၈၆ ခု၊ ဧည့်လမ်းညွှန် ၃၇၇၅ ဦး၊ ဒေသဆိုင်ရာဧည့်လမ်းညွှန် ၁၈၅၅ ဦးတို့ ရှိကြောင်းသိရှိရပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်တွင် ဟိုတယ်နှင့်ခရီးသွားကဏ္ဍစီမံကိန်း ၃၆ ခု ရှိပြီး အမေရိကန်ဒေါ်လာ ၁.၁၄ ဘီလီယံရရှိခဲ့ကာ ၂၀၁၅ ခုနှစ်တွင်စီမံကိန်း ၄၇ ခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂.၆၄ သန်းရရှိခဲ့သဖြင့် ၁.၅ ဘီလီယံ တိုးတက်လာခဲ့ပါသည်။ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုတွင် ဟိုတယ်ဇုန်ပေါင်း ၁၉ ခု ရှိပါသည်။ ယင်းဟိုတယ်ဇုန်များတွင် ဈေးဝယ်စင်တာ၊ လူနေတိုက်ခန်း၊ ကားပါကင်၊ ကစားကွင်းနှင့် အထပ်မြင့်တိုက်များ ပါဝင်တည်ဆောက်ထားသောကြောင့် ဟိုတယ်ဇုန်များ၌ဟိုတယ်

---

[16] မြန်မာ့အလင်းသတင်းစာ၊ငြိမ်းချမ်းရေးရောင်ခြည်ကြောင့်ပိုမိုပွင့်လန်းလာမည့်ခရီးသွားလုပ်ငန်းပန်းကလေးများ၊ကျော်ကျော်လွင်(ဟိုတယ်/ခရီး)၊ စာမျက်နှာ၊၁၁[accessed date 25 February 2016]

ဝန်ဆောင်မှုသင်တန်းများကို ယခုထက်ပိုမို အဆင့်မြှင့်တင်ပေးခြင်းတို့သည် ခရီးသွားဧည့်သည်များကို ဆွဲဆောင်ရာတွင် အဓိကပါဝင်သောလုပ်ငန်းတစ်ခု ဖြစ်ပါသည်။

၃၄။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးစေရေးအတွက် ၂၀၁၁ ခုနှစ်မှလက်ရှိအချိန်ထိ ဒေသဆိုင်ရာ ဧည့်လမ်းညွှန် (အခြေခံ) သင်တန်း ၁၈ ခုကို ဝန်ကြီးဌာနမှကြီးမှူး၍ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူစုစုပေါင်း ၁၉၆၇ ဦးနှင့်ဟိုတယ်နှင့်ဝန်ဆောင်မှုဆိုင်ရာ သင်တန်း၂၇ ခုမှ သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၄၀၆၀ဦး၊ လုပ်ငန်းခွင်မပျက် ဟိုတယ်ဝန်ဆောင်မှုကာလတို လုပ်ငန်းများမှ ဝန်ထမ်းပေါင်း၄၇၈၁ ဦးကိုပို့ချပေးနိုင်ခဲ့သည်။[17]

## ခရီးသွားလုပ်ငန်းကောင်းကျိုးနှင့်ဆိုးကျိုး

၃၅။ ခရီးသွားလုပ်ငန်းတစ်ခု၏ကောင်းကျိုးအနေဖြင့် အစိုးရ၊ဝန်ကြီးဌာနများ အကောက်ခွန်များရရှိခြင်း၊ လေကြောင်းလိုင်းနှင့်ဟိုတယ်လုပ်ငန်းများတွင် ဝင်ငွေအများဆုံးရရှိခြင်း၊ အစားအသောက်ဝန်ဆောင်မှုပေးသူ၊ ရောင်းချသူများနှင့် ဧည့်လမ်းညွှန် စသည်တို့မှာ အစဉ်အတိုင်း ဝင်ငွေအဆင့်ဆင့်ရရှိခြင်းတို့ဖြစ်ပြီး ခရီးသွားအများအပြားလာရောက်သည့်ဒေသတွင် ဒေသထွက်ကုန်အများအမှတ်တရပစ္စည်း ရောင်းချသူများအပါအဝင် အနေးယာဉ်လုပ်သားများအထိ ဝင်ငွေရကြပါသည်။ ကမ္ဘာလှည့်ခရီးသွားများ သုံးစွဲသောငွေကြေးသည် ထိပ်ဆုံးမှသည် အခြေခံအကျဆုံးသောလူသားများအထိ စီးဆင်းသွားပါသည်။ ထို့ကြောင့်ခရီးသွားအများအပြား လာရောက်ကြသောဒေသနှင့်ဒေသခံတို့မှာ ဖွံ့ဖြိုးတိုးတက်မှုရရှိမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။

၃၆။ ဆိုးကျိုးများအနေဖြင့် အပန်းဖြေ အနားယူမှု အဓိကကျသော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၏နောက်တွင် ကပ်ပါလာမည့် Sex Tourism နှင့် ဝင်ငွေအများအပြားရရှိခြင်းကြောင့် ကျောင်းနေအရွယ် ဒေသခံ ကလေးငယ်များမှာ ဈေးရောင်းခြင်းလုပ်ငန်းကို အသက်မွေးလာပြီး ပညာရေးနိမ့်ပါးလာနိုင်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုအားနည်းပြီး ပျက်စီးယိုယွင်းမှုများဖြစ်ပေါ်လာနိုင်ခြင်းစသည်တို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။[18]

---

[17] မြန်မာ့အလင်းသတင်းစာ၊ငြိမ်းချမ်းရေးရောင်ခြည်ကြောင့်ပိုမိုပွင့်လန်းလာမည့်ခရီးသွားလုပ်ငန်းပန်းကလေးများ၊ကျော်ကျော်လွင်(ဟိုတယ်/ခရီး)၊စာမျက်နှာ၊ ၁၁[accessed date 25 February 2016]

[18] မီးခိုးမဲ့စက်မှုကုန်ထုတ်လုပ်ငန်း၏အနာဂတ်မျှော်လင့်ချက်၊ available from: http://facemyanmar.blogspot.com/2015/05/blog-spot_367.html, [accessed date 5 July 2016]

## ပညာရှင်များ၏သုံးသပ်ချက်များ

၃၇။ မြန်မာနိုင်ငံတွင်ကျင့်သုံးနေသော ခရီးသွားဥပဒေမှာ ခေတ်ကာလပြောင်းလဲလာခြင်းနှင့် အမျှ ကိုက်ညီမှုအားနည်းလာခြင်းကြောင့် ခရီးသွားဥပဒေအသစ် ပြဋ္ဌာန်းရန် လိုအပ်ကြောင်း သုံးသပ်နေကြပါသည်။ လက်ရှိကျင့်သုံးနေသော ခရီးသွားဥပဒေမှာ ၁၉၄၇ခုနှစ် တည်ဆဲဥပဒေ အရထုတ်ပြန်ထားသော ဥပဒေဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းဥပဒေ တည်တံ့ခိုင်မြဲခြင်းသည် လုပ်ငန်းရှင်များအပေါ်တွင် မူတည်၍ ထင်သာမြင်သာရှိသော ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်သင့် ကြောင်း၊ လက်ရှိအခြေအနေအခက်အခဲများအရ ခရီးသွားလုပ်ငန်းဥပဒေသစ်တစ်ရပ် ပြင်ဆင်ပြ ဋ္ဌာန်းသင့်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက အကြံပြုပြောဆိုကြပါသည်။[19]

## နိဂုံး

၃၈။ ကမ္ဘာတွင် ခရီးသွားလုပ်ငန်းသည် အလျင်အမြန်တိုးတက်နေသည့် စီးပွားရေးလုပ်ငန်း ဖြစ်သဖြင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် အရေးပါသော မီးခိုးမထွက်စက်ရုံဟူ၍ တင်စားကြခြင်းဖြစ်ရာ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဟိုတယ် နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းအဖွဲ့ချုပ်နှင့်လက်အောက်ရှိ အသင်းအဖွဲ့အသီးသီးတို့သည် လက်တွဲ၍ ခရီးသွားမှုမြှင့် တင်ရေး၊ ခရီးစဉ် ဒေသအသစ်များဖော်ထုတ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲသောခရီးသွားလုပ်ငန်း ဖြစ်ပေါ်လာစေရေး၊ ခရီးသွားလုပ်ငန်းမှ ဝင်ငွေများ တိုးတက်ရရှိရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် ကဏ္ဍတစ်ရပ်အနေဖြင့် အထောက် အကူပြုစေရန် ကြိုးစားဆောင်ရွက်သင့်ပါသည်။

၃၉။ နိုင်ငံတော်အနေဖြင့် ခရီးသွားနယ်ပယ်တွင် လိုအပ်ချက်များအားဖြည့်ဆည်းဆောင်ရွက် ပေးခြင်းဖြင့် အနာဂတ်တွင်ရလဒ်ကောင်းများကိုပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ခရီးသွား လုပ်ငန်းကိုမီးခိုးမထွက်သည့်စက်ရုံဟုလည်းကောင်း၊ ဆင်းရဲမွဲတေမှုမှလွတ်မြောက်ရာ မျှော်လင့် ချက်များအတွက် တံခါးတစ်ချပ်ဟုလည်းကောင်း ရှုမြင်ကြပါသည်။ ခရီးသွားလုပ်ငန်းတွင် ပါဝင်

[19] Available from: http://www.thithtoolwin.com/2012/07/blog-post_5647.html/ [accessed date 26 July 2016]

ပတ်သက်သည့်သူများအားလုံးသည် တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ဖြင့် လုပ်ဆောင်ကြပြီး ခရီးသွားလုပ်ငန်းဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူအားလုံးဝိုင်းဝန်း ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေးသားပြုစုတင်ပြအပ်ပါသည်။

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com